# စစ်အာဏာသိမ်းမှုသုံးနှစ်ပြည့် သဘောထားကြေညာချက်

ရက်စွဲ။ ။ ၁ရက်၊ ဖေဖော်ဝါရီလ၊၂၀၂၄ ခုနှစ်။

၁။ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့သည် စစ်တပ်မှ ပြည်သူ့ရွေးကောက်တင်မြှောက်ခဲ့သည့် အစိုးရအား အကြမ်းဖက် ဖယ်ရှားအာဏာသိမ်းသဖြင့် နွေဦးတော်လှန်ရေးကြီးကိုဆင်နွှဲ၍ ပြည်သူလူထု တရပ်လုံးက ချီတက်တိုက်ပွဲဝင် တော်လှန်ခဲ့ကြသည်မှာ (၃) နှစ်တိုင်ခဲ့ပြီ ဖြစ်သည်။ (၃) နှစ်အတွင်း ပြည်သူများမှ လူထုသပိတ်တိုက်ပွဲများ၊ အာဏာဖီဆန်ရေး CDM လှုပ်ရှားမှုများ၊ ဘဏ္ဍာရေး/စီးပွားရေး တိုက်ပွဲများ၊ နိုင်ငံတကာမှ စီးပွားရေးအရ အရေးယူ ပိတ်စို့စေရေး လှုပ်ရှားမှုများ၊ လူမှုပြစ်ဒဏ်ပြုလုပ်မှုများနှင့် ခုခံတော်လှန်စစ်များဖြင့် အကြမ်းဖက်စစ်တပ်အား စဉ်ဆက်မပြတ် တွန်းလှန်တော်လှန်ခဲ့ကြပါသည်။

၂။ ထို့ကဲ့သို့ တွန်းလှန်မှုများကြောင့် အကြမ်းဖက်စစ်တပ်အနေဖြင့် အရပ်သား၊ စစ်သားခွဲခြားခြင်းမပြုဘဲ ပြည်သူများအား စစ်ရေးပစ်မှတ်များအဖြစ် သဘောထားကာ လက်နက်ကြီး၊ လေယာဉ်များဖြင့် မဆင်မခြင် အနိုင်ကျင့် တိုက်ခိုက်ဗုံးကြဲသတ်ဖြတ်မှုများ၊ ရပ်ရွာတစ်ခုလုံးအား မီးရှို့မှုများ၊ ဖျက်ဆီးမှုများနှင့် အဓမ္မအင်အားသုံး ရွှေ့ပြောင်းစေမှုများ စသည့် စစ်ရာဇဝတ်မှုများအပြင် လူသားမျိုးနွယ်အပေါ် မျိုးတုန်းသတ်ဖြတ်မှုများကို ပြင်ပြင်းထန်ထန် ကျူးလွန်ပြုလုပ်လာပါသည်။

၃။ သို့သော် ပြည်သူလူထု့တစ်ရပ်လုံးမှ စိတ်ဓာတ်ခိုင်မာစွာ ဆက်လက်တော်လှန်ပေးဆပ်မှုများ၊ စွန့်လွှတ် စွန့်စားမှုများကြောင့် ယခုအချိန်တွင် တော်လှန်ရေးအင်အားစုများအနေဖြင့် မြို့ပေါင်း (၃၆) မြို့ကို သိမ်းပိုက်အုပ်ချုပ်ထားနိုင်ပြီဖြစ်သည့်အပြင် အကြမ်းဖက်စစ်တပ်သည် စစ်ရေး၊ နိုင်ငံရေး၊ သံတမန်ရေး အဘက်ဘက်တို့တွင် ရှုံးနိမ့်နေပြီး သမိုင်းတွင် တစ်ကြိမ်တစ်ခါမျှ မကြုံတွေ့ဖူးသည့် အခြေအနေဖြင့် ရင်ဆိုင်နေရကာ အဖက်ဖက်မှ ပြိုလဲလုဖြစ်နေသည်ကို မြင်တွေ့ကြရမည် ဖြစ်ပါသည်။

၄။ ထို့ကြောင့် ပြည်သူ့နွေဦးတော်လှန်ရေးကြီး ၃ နှစ်ပြည့်မြောက်သည့် ၂၀၂၄ ခုနှစ်သည် အဘက်ဘက်မှ အားနည်း ကျရှုံးနေပြီဖြစ်သည့် အကြမ်းဖက်စစ်တပ် အလုံးစုံပျက်သုဉ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံသစ် တည်ဆောက်နိုင်ရေးတို့အတွက် လူမျိုးပေါင်းစုံ၊ ဒေသပေါင်းစုံနှင့် ပြည်တွင်း

ပြည်ပပြည်သူလူထု တစ်ရပ်လုံးအနေဖြင့် ပူးပေါင်းပါဝင်၍ ကိုယ့်ကံကြမ္မာကိုယ် ဖန်တီးရနိုင်မည့် အဆုံးအဖြတ်ကာလဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ် အပြီးတိုင်ချုပ်ငြိမ်းရေးအတွက် ပြည်ထောင်စုအတွင်း ဖြစ်ပွားခဲ့သည့် ပဋိပက္ခများ၊ အရင်းခံပြဿနာများကို အပြီးသတ်ချုပ်ငြိမ်းစေနိုင်ရန် လိုအပ်ပါသည်။ ထို့အတွက် တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်လက်တွဲပြီး အစုအဖွဲ့များ အားလုံးအနေဖြင့် တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အာမခံသည့် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံသစ် ထူထောင်နိုင်ရေးအတွက် စုစည်းညီညွတ်စွာ နွေဦးတော်လှန်ရေးတွင် ဆက်လက် ပူးပေါင်းပါဝင်တိုက်ပွဲဝင်ကြရန် ယနေ့(၃)နှစ်ပြည့်တွင် လေးနက်စွာ တိုက်တွန်းနှိုးဆော်အပ်ရပါသည်။ ။

Women Lead Resource Center (WLRC)

Magway Region Human Rights Network (MHRN)

Youth Empowerment (YE)